# 4 အများပြည်သူဆိုင်ရာ ကျန်းမာရေးအာမခံ

ဂျပန်နိုင်ငံတွင်နေထိုင်သောမည်သူမဆိုတစ်ခုခုသောအများပြည်သူဆိုင်ရာကျန်းမာရေးအာမခံထားရမည်။၎င်းအာမခံတွင်ကုမ္ပဏီနှင့်ရုံး၌ ၁နတွင်အလုပ်လုပ်သူများထားနိုင်သည့် "ကျန်းမာရေးအာမခံ"နှင့် ထိုမှအကျုံးမဝင်သူများထားရမည့်"ပြည်သူကျန်းမာရေးအာမခံ" ဟု ၂မျိုးရှိသည်။

## 4-1 ဆေးကုသမှုစရိတ် နှင့်အများပြည်သူဆိုင်ရာ ကျန်းမာရေးအာမခံ

### (1) ဆေးကုသမှုစရိတ်နှင့် အများပြည်သူဆိုင်ရာကျန်းမာရေးအာမခံ

အများပြည်သူဆိုင်ရာကျန်းမာရေးအာမခံထားပါက မူအားဖြင့် တစ်နိုင်ငံလုံး တသမတ်တည်း သတ်မှတ်ထားသည့်အတိုင်း ဆေးကုသမှုစရိတ်၏ ၃၀%သာပေးဆောင်ရမည်။ သို့သော်ကျန်မာရေးအာမခံ ထားရှိခြင်းမရှိသူက ဆေးကုသမှုအဖွဲ့အစည်းတွင် ကုသမှုခံယူပါက ကုန်ကျစရိတ် အားလုံးကို ကာယကံရှင်က ပေးဆောင်ရရုံသာမက၊ ဆေးကုသမှုစရိတ်ကို လွတ်လပ်စွာ တောင်းဆိုနိုင်သောကြောင့် ဈေးကြီးကြီးပေးဆောင်ရမည်ဖြစ်ပါသည်။

[ဥပမာ]

ဆေးကုသမှုစရိတ် ယန်း၃၀၀၀ဖြစ်ပါက

| ကျန်းမာရေးအာမခံထားရှိသူ | ကျန်းမာရေးအာမခံမထားရှိသူ |
|---|---|
| ယန်း ၉၀၀<br>ကုန်ကျငွေ၏၃၀%သာပေးဆောင်ရ။<br>*အသက်အလိုက် ကုန်ကျခံရသည့် အချိုးအစား အပြောင်းအလဲရှိသည်။ | ယန်း ၄၅၀၀<br>ကုန်ကျငွေပမာဏအားလုံးပေးဆောင်ရ။ |

### (2) ကျန်းမာရေးအာမခံအသုံးပြုမရသောကုသမှု

ပုံမှန်အားဖြင့်ကျန်းမာရေးအာမခံထားပါကကုန်ကျငွေပမာဏ၏၃၀%သာပေးဆောင်ရသော်လည်း၊အောက်တွင်ဖော်ပြထားသည့်ကုသမှုများတွင် အာမခံအသုံးမပြုနိုင်ပါ။

Fဆေးကုသမှု ထိပ်သို့

**ကျန်းမာရေးအာမခံအသုံးပြု၍ မရသောကုသမှု**

| | | | |
|---|---|---|---|
| ကားမတော်တဆ ထိခိုက်ဒဏ်ရာနှင့်သူတပါးကြောင့်ရသောဒါဏ်ရာ | လူတစ်ဦးတစ်ယောက်၏သတိမမူမှုကြောင့်ဒါဏ်ရာရရှိခဲ့ပါက၊ထိုလူမှကုသမှု၏ကုန်ကျငွေကိုပေးဆောင်ရသည်။ ကားတိုက်ပြီးထွက်ပြေးသွားခဲ့ပါကလျော်ကြေးငွေအခက်အခဲရှိသည့်အခြေအနေတွင်ဥပဒေအတွင်းသတ်မှတ်ထားသောနစ်နာကြေးကိုထောက်ပံ့သည့်စနစ်(အစိုးရလျော်ကြေးစနစ်)လည်းရှိသည်။ | | |
| သဘာဝပုံမှန်ကိုယ်ဝန်ဆောင်မှု၊မီးဖွားခြင်း | ရောဂါမှအပအကြောင်းတစ်ခုခုကြောင့်ကိုယ်ဝန်ဖျက်ချခြင်း | ကျန်းမာရေးစစ်ဆေးမှု၊အသေးစိတ်ကျန်းမာရေးစစ်ဆေးမှု၏ကုန်ကျစရိတ်အနည်းငယ်ကိုထောက်ပံ့သည့် မြို့နယ်ရုံးလည်းရှိသည်။ | ကာကွယ်ဆေးထိုးခြင်း(ဥပဒေကသတ်မှတ်ထားသောကာကွယ်ဆေးထိုးခြင်းမှအပ) |
| အလှအတွက်ပြုပြင်ခွဲစိတ်မှု၊သွားပြုပြင်မှု | အလုပ်သွားချိန်နှင့်လုပ်ချိန်အတွင်းဒဏ်ရာ၊ မတော်တဆထိခိုက်ဒဏ်ရာရမှု(အလုပ်အာမခံနှင့်သာဆိုင်သည်)။ | ဆေးရုံတက်ချိန်တွင်တစ်ယောက်ခန်းနေပါကထိုကုန်ကျငွေ | ကျန်းမာရေးအာမခံတွင်သက်မှတ်ထားသောစစ်ဆေးမှု၊ခွဲစိတ်မှု၊ကုသမှု၊ဆေးဝါးမှအပ |

**(3) ပုဂ္ဂလိက ဆေးကုသမှုအာမခံ**

ဆေးကုသမှုအာမခံတွင် အသက်အာမခံကုမ္ပဏီမှ ရောင်းသော ပုဂ္ဂလိကဆေးကုသမှုအာမခံရှိသည်။ ၎င်းသည် အာမခံကြေးကို ပုံမှန်းသွင်းပြီး ရောဂါ(သို့) ဒဏ်ရာရရှိပြီး ဆေးရုံးတက်၊ ဆေးခန်းပြသည့်အခါ သတ်မှတ်ထားသောခွဲစိတ်မှုပြုလုပ်သည့်အခါ ထောက်ပံ့ကြေးကို ခံစားနိုင်သည်။ ထို့ကြောင့် အများပြည်သူဆိုင်ရာကျန်းမာရေးအာမခံမထားလျှင် ဆေးကုသမှုစရိတ်အားလုံးကို ခေတ္တ စိုက်ထားရမည်။ ထို့ကြောင့် သတိထားပါ။